dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကိုတည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to grow Agriculture?"***

ဖြစ်ပါတယ်။(ဧပြီ ၊၂၃ ၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုစိန်ခေါ် မှုတွေ ရှိနေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

သမိုင်းကြောင်းအရ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင် ထိပ်တန်းဆန်တင်ပို့သော စိုက်ပျိုးရေး နိုင်ငံတစ်ခုအဖြစ် ကြီးမားသော အစဥ်အလာရှိခဲ့သော်လည်း ယနေ့တွင်မူ အာဆီယံနိုင်ငံများတွင် လယ်ယာ ကုန်ထုတ်လုပ်မှု၌ အနိမ့်ဆုံးစာရင်းသို့ရောက်ရှိနေသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဒုတိယကာလတို ငါးနှစ်စီမံကိန်း(၂၀၁၆- ၁၇ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ဘဏ္ဍာနှစ်)မူကြမ်းအရ မြန်မာနိုင်ငံ၌ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသူ ၁၈ သန်းကျော် ရှိပြီး စိုက်ပျိုးမြေဧကပေါင်း ၁၂သန်းကျော်ရှိသော်လည်း မြေယာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သည် တစ်ဧကလျှင် တစ်နှစ် ၄၅၁ ဒေါ်လာသာရှိပြီး အာဆီယံတွင် အနည်းဆုံးဖြစ်ကြောင်း၊ လယ်ယာကုန် ထုတ်စွမ်းအားတွင် အာဆီယံနိုင်ငံများအကြား အုပ်စုနှစ်စုရှိပြီး ပထမအုပ်စုတွင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့ပါဝင်ပြီး မြေယာထုတ်လုပ်နိုင်စွမ်းမှာ တစ်ဧကလျှင် ကန်ဒေါ်လာ ၁၅၀၀- ၂၀၀၀ခန့်ရှိသည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုတို့မှာ ဒုတိယအုပ်စုတွင် ပါဝင်ပြီး မြေယာထုတ်လုပ် နိုင်စွမ်းအားမှာ တစ်ဧကလျှင် ကန်ဒေါ်လာ တစ်ထောင်အောက်၌ သာရှိ ကြောင်း သိရသည်။ အာဆီယံ နိုင်ငံများအတွင်း လယ်ယာလုပ်သားအရေအတွက်တွင် မြန်မာ က တတိယအများဆုံးအဖြစ် ရှိနေသော် လည်း လယ်ယာထုတ်လုပ်နိုင်စွမ်း အမြင့်ဆုံးနိုင်ငံမှာ အာဆီယံတွင် မလေးရှားဖြစ်ပြီး တစ်ဧကလျှင် ကန်၂,၃၆၉ဒေါ်လာဖြင့်ပထမ ဗီယက်နမ်က တစ်ဧကလျှင် ၁,၉၇၈ ဒေါ်လာဖြင့် ဒုတိယ၊ ဖိလစ်ပိုင်က ၁,၈၄၃ ဒေါ်လာဖြင့် တတိယအဖြစ် ရှိနေသည်။

လယ်ယာစိုက်ပျိုးရေး အဓိကနိုင်ငံတစ်ခုအဖြစ် ထင်ရှားသည့် မြန်မာနိုင်ငံမှာ ၂၀၀၈ နာဂစ်တွင် ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်း ပြန်လည်နလန်ထူနိုင်ရေးအတွက် ရုန်းကန်ခဲ့ရသည့်အပြင် သမားရိုးကျနည်း စိုက်ပျိုးနည်းပညာကြောင့်လည်း လယ်ယာလုပ်ငန်းခွင်မှ လူငယ် မျိုးဆက်များမှာ ပင်ပန်း မှုဒဏ်၊ အကျိုးအမြတ် မရရောသည့် လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာ၍ မြို့ပြသို့ ပြောင်းရွှေ့ အခြေချသူ များလာခဲ့ပေသည်။ လယ်ယာလုပ်ကိုင်သူများ အနေဖြင့် ပိုင်ဆိုင်မှု ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတိကျ စွာ မရှိသည့် အခြေအနေကြောင့် လယ်ယာ လုပ်ငန်းဆောင်ရွက်မှုတွင် လိုအပ်သည့် သွင်းအားစုများ အပြည့် အဝမရရှိခြင်း၊ ရာသီဥတု ဖောက်ပြန်မှုများ ခံစားလာရခြင်း၊ သတင်းအချက်အလက်များ ရရှိနိုင်မှု အားနည်းခြင်း၊ နည်းပညာသစ်များ မရရှိခြင်း၊ လယ်ယာကဏ္ဍ အပေါ် ရင်းနှီးမြှုပ်နှံလိုသူနည်းပါးနေခြင်းမှာ လက်ရှိ မြန်မာ့လယ်ယာမြေလုပ်ငန်း၏ အနာဂတ် ဆက်လက်တည်တံ့မှုကို စိန်ခေါ်လျက်ရှိကြ သည်။

ယနေ့ကမ္ဘာကြီးတွင် လူဦးရေများ တစ်နေ့တစ်ခြား တိုးပွားလာလျက်ရှိပြီး စားနပ်ရိက္ခာ အခက် အခဲတို့ လည်း ကမ္ဘာ့နိုင်ငံအချို့တို့တွင် ရင်ဆိုင်ရလျက်ရှိနေသည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက် မျှော်လင့်ချက်များ ရှိနေသော်သည့်အပြင် ဈေးကွက် စီးပွားရေး စနစ်သို့ စတင်ဝင်ရောက် သည့် ၁၉၈၈ နောင်းပိုင်းမှစ၍ စိုက်ပျိုးရေးထွက်ကုန်များကို ပုဂ္ဂလိကအနေဖြင့် ပြည်ပသို့တင်ပို့ခြင်း စတင် ခွင့်ပြုခဲ့ပြီးလည်းဖြစ်ရာ အမှန်တကယ်သိနား လည်သည့် ပညာရှင်များ၏ အကြံဉာဏ်ကိုရယူခြင်း၊ ခေတ်မမီတော့သည့် သမားရိုးကျ လယ် ယာစိုက်ပျိုးမှု ပုံသဏ္ဍာန်မှခွဲထွက်၍ စက်မှုလယ်ယာစနစ်ဆီသို့ ကူးပြောင်းခြင်း၊ အထွက်တိုး နည်းစနစ်များ အသုံးပြုခြင်း၊ ဓာတ်မြေဩဇာ၊ပိုးသတ်ဆေး၊ နည်းပညာ၊ လောင်စာဆီ၊စိုက်ပျိုးစ ရိတ်ချေးငွေ စသည့် အခြေခံသွင်းအားစုများကို ထိထိရောက်ရောက် မှန်မှန်ကန် ကန် ပံ့ပိုး၍ အထွက်တိုးရေးစီမံကိန်းများ ဆောင်ရွက်သင့်သည်ဟုလည်း လေ့လာသူများက ဆိုထားကြ သည်။ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က **မြန်မာလယ်ယာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုစိန်ခေါ် မှုတွေ ရှိနေလဲ** ခေါင်းစဥ်ဖြင့် ဆွေးနွေးတင်ဆက်ကြမည်ဖြစ်ပါသည်။

**သူတို့အမြင်**

"တိုင်းပြည်ရဲ့ လယ်ယာ ကဏ္ဍမှာ လူဦးရေကလည်းများ တယ်။ ထုတ်လုပ်မှုကလည်းများတယ်။ ထွက်ကုန် ကျတော့နည်း နေတယ်။ အဲဒါတွေကို ဖြေရှင်းဖို့ ခက်နေတာတွေက လယ်ယာပိုင်ဆိုင်မှုပြဿ နာတွေရှိနေ တယ်။အ ရှေ့တောင်အာရှမှာလည်း စွမ်းအားစုတွေ ထောက်ပံ့ မှုပေးတဲ့နိုင်ငံတွေထဲမှာအနည်းဆုံး နိုင်ငံ ဖြစ် တယ်။ တောင်သူတွေက ထုတ်လုပ်မှုစွမ်းအား ကောင်းလာဖို့ဆိုရင် အမတော်ကြေးလိုဟာမျိုးတွေ ရဖို့အပြင် အထွက်တိုးတဲ့ မျိုးတွေကိုပေး ဖို့နဲ့ ဝယ်သုံးနိုင်အောင်လုပ်ဖို့၊ သူတို့ စိတ်ချရအောင်ထောက် ခံပေးဖို့တွေလည်း လိုပါတယ်"

**ဦးမြင့်စိုး -** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက် အတွင်းဝန်။

"မြန်မာနိုင်ငံရဲ့ ပြည်သူလူထု ၇၀ ရာခိုင်နှုန်းက လယ်ယာ စိုက်ပျိုးရေး ကဏ္ဍကပါ၊ ကျနော်တို့ ရည်မှန်း တဲ့ အေးချမ်း တည်ငြိမ်တဲ့ နိုင်ငံတော်ကို တည်ဆောက်ဖို့ လယ်သမားတွေအရေးကို မြန်မြန်ဆန်ဆန် ဖြေရှင်း ပေးဖို့ လိုတယ်" **သူရဦးရွှေမန်း**

"လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် နိုင်ငံတကာက အကူအ ညီတွေလည်းရအောင် ဆောင် ရွက်ပေး မယ်လို့ ပြည်ထောင်စုဝန်ကြီးက ပြောပါတယ်"

**ဒေါက်တာစိုးထွန်း -** မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဒုဥက္ကဋ္ဌ။ မြန်မာနိုင်ငံ တောင်သူလယ်သမား အသင်း ဥက္ကဋ္ဌ။

"လယ်သမားကြီးတွေက ကျေးဇူးရှင်တွေပါဆိုပြီး လူ တိုင်းနှုတ်နဲ့ ပြောကြတယ်၊ လက်တွေ့ မှာတော့ လယ်သမားကြီး တွေ ဒုက္ခ ရောက်နေတာ၊ လယ်တွေ အသိမ်းခံရတာ၊ ဘယ်သူမှ မဖြေရှင်းပေးပါဘူး၊ ဒါတွေကို ရှင်းပေးစေချင်ပါတယ်။"

**ဒေါ်သင်းသင်း -** ထန်းတပင်မြို့နယ်မှ တောင်သူ လယ်သမား ကိုယ်စားလှယ်။

"အစိုးရသစ်လက်ထက်မှာ ထုတ်လုပ်မှုကုန်ကျစရိတ်တွေ လျှော့ချနိုင်အောင် လုပ်ဆောင် နိုင်ဖို့ ဆန်စပါး အသင်းချုပ်အနေ နဲ့ အကြံပြုသွားဖို့ရှိပါတယ်"

**ဦးချစ်ခိုင် -** မြန်မာနိုင်ငံ ဆန် စပါးအသင်းချုပ်ဥက္ကဋ္ဌ။

*Information links:*

www.7daydaily.com

www.burma.irrawaddy.com

www.facebook.com/dvb.debate